MATA
Myanmar Alliance for Transparency and Accountability

# လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် လတ်တလော ဖြစ်ပွားခဲ့သော ပဋိပက္ခ နှင့် ပက်သက်၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ။ ၂၄၊ ဒီဇင်ဘာလ၊ ၂၀၁၄။

လက်ရှိလက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် ဖြစ်ပေါ်နေသောကိစ္စအပေါ် အရပ်ဘက်လူ့အဖွဲ့စည်းများ အနေဖြင့် မြန်မာနိုင်ငံအတွင်းတွင်းထွက် သယံဇာတများထုတ်ယူရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိအောင် ဖော်ဆောင်ရေးလုပ်ငန်းစဉ် (EITI)ကို အကောင်အထည်ဖော်ရာတွင် ဆိုးရွားစွာ အနှောင့်အယှက်၊ အဟန့်အတား ဖြစ်စေသည်ဟု အောက်ပါအတိုင်း သုံးသပ်၍ တာဝန်ရှိသူများကို ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

၁။ မိမိတို့အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် သယံဇာတများ ထုတ်ယူသုံးစွဲမှုဖြစ်စဉ် တစ်ခုလုံးတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု နှင့်တာဝန်ခံမှုရှိရေး တိုးတက်လာပြီး သင့်လျော်ကောင်းမွန်သော သယံဇာတ စီမံခန့်ခွဲမှုဖြစ်ပေါ်စေရန် အစွမ်းကုန် ဆောင်ရွက်လျှက်ရှိပြီး EITI လုပ်ငန်းစဉ်တွင်လည်း အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများ နှင့် ဆွေးနွေးညှိနှိုင်း၍ အားတက်သရော ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

၂။ EITIသည် နိုင်ငံတကာ မျက်နှာပန်းပြကောင်းရုံမျှအတွက် ရည်ရွယ်လုပ်ဆောင်ရခြင်းမဟုတ်၊ အနှစ်သာရအားဖြင့် နိုင်ငံအတွင်းသယံဇာတ ကျိန်စာသင့်ခြင်းမှ ကင်းလွတ်အောင်(တစ်နည်းအားဖြင့် သယံဇာတကို အခြေပြု၍ ပြည်သူများအား ကိုယ်စိတ်ဖိစီး ဆင်းရဲမှုမဖြစ်ပေါ်ရအောင်) ပြည်သူ့ဗဟိုပြု ကောင်းမွန်သော သယံဇာတစီမံအုပ်ချုပ်မှု ဖြစ်ထွန်းလာအောင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံ၊တာဝန်ယူမှုများကို နိုင်ငံတကာစံနှုန်း၊စံထားများ နှင့် အညီ မှတ်ကျောက်တင်ခံ အကောင်ထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်သည်။ သို့ပါသော်လည်း လက်ပံတောင်းတောင် ဒေသခံများ သွေးစွန်း သေဆုံးနေရမှုများသည် EITI ၏ အနှစ်သာရများနှင့် ဆန့်ကျင်ဖက်ဖြစ်လျက်ရှိသည်။

၃။ ပွင့်လင်းမြင်သာမှု ကင်းမဲ့သော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကြောင့် ဒေသခံပြည်သူများမှာ ဘိုးဘွားပိုင် မြေယာများ လက်လွတ်ဆုံးရှုံးခြင်း၊ လူမှုစီးပွားရေးအခြေအနေများ ပျက်ယွင်းခြင်း၊ စီမံကိန်းနှင့်ပက်သက်သော အငြင်းပွားမှုများဖြစ်လာပါက အကြိမ်ကြိမ် အင်အားသုံးဖြေရှင်းခြင်းကြောင့် ရဟန်းရှင်လူ ပြည်သူများ ထိခိုက်ဒဏ်ရာရခြင်း၊ ဖမ်းဆီးထောင်ချခံရခြင်းတို့အပါအဝင် ယခုနောက်ဆုံး သွေးစွန်းခဲ့ရသည့် ဖြစ်ရပ်များသည် လွဲမှားသော သယံဇာတစီမံခန့်ခွဲမှု နှင့် သယံဇာတတူးဖော်ထုတ်လုပ်ရေး ကဏ္ဍရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပက်သက်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေကြောင်း မီးမောင်းထိုးပြလျက်ရှိနေပါသည်။

၄။ EITI အဖွဲ့ဝင်လျောက်ထားလျက်ရှိသော နိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်း နိုင်ငံသားတိုင်း တွင်းထွက်သယံဇာတ ထုတ်ယူမှုနှင့် ပတ်သက်၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အနှောင့်အယှက် မပြုပါဟု အစိုးရအဖွဲ့မှ နိုင်ငံတကာ EITI

စံနှုန်း ၁.၃ အရကတိကဝတ်ပြုပြီး ဖြစ်သည်။ လက်ပံတောင်းတောင် ဒေသခံများက ၎င်းတို့ ဆန္ဒသဘောထားများ ထုတ်ဖော်မှုများကို အစိုးရတာဝန်ရှိသူများက နည်းအမျိုးမျိုးနှင့် ဟန့်တားနှောက်ယှက်ခြင်း၊ ရန်ပြိုထား နှိမ်နင်းရှင်းလင်းရန် အားထုတ်ခြင်းများကို ကြားသိနေရပါသဖြင့် အဆိုပါပြုမူဆောင်ရွက်ခြင်းများသည် အစိုးရ၏ ကတိကဝတ်များကို ချိုးဖောက်ရာရောက်သည်။

၅။ မြန်မာနိုင်ငံမှ ၂၀၁၅ အတွင်းတင်ပြရမည်ဖြစ်သော EITI အစီရင်ခံစာတွင် သတ္တုတွင်းကဏ္ဍကို ထည့်သွင်း ဖော်ပြသွားရန်အတွက် အသေးစိတ်လေ့လာဆန်းစစ်ချက်ပြုလုပ်ရန် ပဏာမသဘောတူပြီး ဖြစ်သောကြောင့် လက်ပံတောင်း တောင်ကြေးနီစီမံကိန်းသည်လည်း ၎င်း၏ အခွန်ဘဏ္ဍာရရှိမှုအခြေအနေ၊ ဒေသခံတို့၏ လူမှုရေးစီးပွားရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့နှင့် ပတ်သက်၍ ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်မှု နှင့် ကုန်ကျစရိတ်များကို ထည့်သွင်းဖော်ပြသွားရန် တာဝန်ရှိပေသည်။ လက်ရှိအနေအထားတွင် မြေလျော်ကြေးရယူထားခြင်းမရှိသောမြေများကို ကုမ္ပဏီမှ ဝင်ရောက် ခြံစည်းရိုးခတ်ရာမှ ဒေသခံများနှင့် ထိတ်တိုက် တွေ့ပဋိပက္ခဖြစ်ရသည်ကို ကြားသိရပါသောကြောင့် အချက်အလက်မှန်ကန်ပါက EITI အစီရင်ခံစာအတွင်း ထည့်သွင်းရမည့် အချက်များကွဲလွဲမှုနှင့် တာဝန်ခံ၊ တာဝန်ယူမှုတို့အပေါ် အငြင်းပွားမှုများ ဖြစ်ပွားခြင်းဖြင့် အစီရင်ခံစာ၏ အရည်အသွေး နှင့် သမာသမတ်ကျမှုတို့ အပေါ်တွင် အကျိုးသက်ရောက်မှုရှိပါသည်။ ကုမ္ပဏီမှလည်း EITI စံနှုန်းစံထားများကို လေးစားသောအားဖြင့် အငြင်းပွားစေမည့် မည်သည့် မြေသိမ်းမှုမျိုးကိုမှ ဆောင်ရွက်ရန်မသင့်ပါ။ အငြင်းပွားဘွယ်ရာ မြေသိမ်းမှုမျိုး ပါဝင်နေသော EITI အစီရင်ခံစာအနေဖြင့်လည်း မည်သို့မှ နိုင်ငံတကာစံနှုန်းစံထား ပြည့်မှီနိုင်ခြင်းရှိမည် မဟုတ်သောကြောင့် EITI တင်းပြည့်ကျပ်ပြည့် အဖွဲ့ဝင် နိုင်ငံဖြစ်ရေးမှာ ဖြစ်နိုင်ခြေမရှိပါ။

၆။ ဖြစ်ပွားခဲ့သောပဋိပက္ခတွင် ဥပဒေစိုးမိုးရေးကို တာဝန်ယူလုပ်ကိုင်ဆောင်ရွက်နေသည်ဆိုသည့် ရဲတပ်ဖွဲ့ဝင်များ၏ အင်အား အလွန်အကျွံသုံးစွဲမှုတို့ကြောင့် ဒေသခံတစ်ဦး သေဆုံးခဲ့ရခြင်းမှာ မည်သို့မှလက်ခံနိုင်စရာ အကြောင်းမရှိပါ။ ဖြစ်ပွားခဲ့သော ကိစ္စရပ်နှင့် ပတ်သက်၍ တရားမျှတသော စုံစမ်းစစ်ဆေးမှုများမပြီးစီးမီ နိုင်ငံပိုင်သတင်းစာများတွင် တစ်ဖက်သတ် ဒေသခံများကို အပြစ်ဖို့သည့် သဘောထုတ်ပြန်ရေးသားခြင်းမှာ EITI အဖွဲ့ဝင်လောင်း နိုင်ငံတစ်နိုင်ငံအနေဖြင့် မဆောင်ရွက်သင့်သော ပြုမူခြင်း ဖြစ်သည်ဟုမှတ်ယူသည်။

၇။ ယခုဖြစ်ပွားဆဲဖြစ်သည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အကောင်အထည်ဖော်သူများ နှင့် ဒေသခံ ပြည်သူများ အကြား အငြင်းပွားမှုဖြစ်စဉ်ကို အစိုးရတာဝန်ရှိသူများနှင့် ဝမ်ပေါင်ကုမ္ပဏီ အပါအဝင် စီမံကိန်း တာဝန်ရှိသူတို့၏ နိုင်လိုမင်းထက် အင်အားသုံး တုံ့ပြန်မှုအား မိမိတို့ အရပ်ဘက်အဖွဲ့အစည်းများမှ ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်သည်။

၈။ စီမံကိန်းကြောင့် နစ်နာဆုံးရှုံးရသူ ဒေသခံတို့၏ တောင်းဆိုမှု နှင့် ပက်သက်၍ တရားမျှတစွာ သုံးသပ်၍ ပြေလည်စွာ ညှိနှိုင်းဖြေရှင်းသည့်နည်းလမ်းကို လစ်လျူရှုပြီး အင်အားသုံးဖြေရှင်းခြင်းဖြင့် ပြဿနာကြီးထွား လာစေနိုင်သည့် အနေအထားအပေါ် မိမိတို့ အလွန်အမင်း စိုးရိမ်ပူပန်မိသည်။

- ကာလကြာရှည် အငြင်းပွားမှုကို ပြေလည်စေမည့် လမ်းကြောင်းမှန်ပေါ်မရောက်သော ယခုဖြစ်စဉ်သည် ရည်ရွယ်ချက်ရှိရှိ ဖန်တီးနေသော ပဋိပက္ခအသွင် ဆောင်လာခြင်းကို ကုမ္ပဏီနှင့် အစိုးရတာဝန်ရှိသူများဘက်မှ ငြိမ်းချမ်းစွာဆွေးနွေး ဖြေရှင်းခြင်းဖြင့် အချိန်မီတားဆီးမှုကို အလျှင်အမြန် ပြုလုပ်ရန် အရပ်ဘက်အဖွဲ့အစည်းများမှ အလေးအနက် တိုက်တွန်းလိုက်သည်။

- ယခုဖြစ်စဉ်တွင် မိုးကြိုးပြင်အလယ်ရွာမှ တောင်သူဒေါ်ခင်ဝင်း၏ ဝမ်းနည်းဖွယ် ကောင်းသော အသက်ဆုံးရှုံးမှု နှင့် အခြားဒေသခံအများအပြား ထိခိုက်ဒဏ်ရာရရှိမှုများ အချိန်မရွေး ဆက်လက်ဖြစ်ပွားနိုင်သည့် လက်ရှိ အခြေအနေကို ဒီမိုကရေစီ၏ အနှစ်သာရနှင့် လျော်ကန်စွာ ဆွေးနွေးညှိနှိုင်းအဖြေရှာရန် နှင့် လက်ရှိသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများအတွက် တာဝန်ရှိသူများမှ အမြန်ဆုံး ဖော်ထုတ် အရေးယူရန် ပြင်းပြင်းထန်ထန် တောင်းဆိုလိုက်သည်။

အထက်ပါကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတကာ EITI ဘုတ်အဖွဲ့သို့ အရပ်ဘက်အဖွဲ့စည်းများက ဆက်လက်တင်ပြသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ EITI အဖွဲ့ဝင်လောင်း လျှောက်ထားမှုအပေါ် လက်ပံတောင်းတောင်တွင် လက်ရှိ ဖြစ်ပွားနေသော ကိစ္စရပ်များ နှင့် ပတ်သက်၍ အစိုးရမှ လုံလောက်သော ကြိုးပမ်းအားထုတ်မှု ပြုလုပ်ကာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံ၊တာဝန်ယူ ဆောင်ရွက်နိုင်မှုတို့ အပေါ်မူတည်၍ ပြန်လည်သုံးသပ်စဉ်းစားသွားရန် တိုက်တွန်းသွားမည်ဖြစ်သည်။

**မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊တာဝန်ခံမှုဆိုင်ရာ မဟာမိတ်အဖွဲ့**


**ဆက်သွယ်မေးမြန်းရန်**

၁။ ဦးထွန်းမြင့်အောင် ဖုံးနံပါတ် - ၀၉၂၅၄၂၃၃၃၃၂ အီးလ်မေးလ် - htunmyintaung88@gmail.com

၂။ ဦးဝင်းမျိုးသူ ဖုံးနံပါတ် - ၀၉၅၁၃၂၂၈၀၁ အီးလ်မေးလ် - winmyothu@gmail.com

၃။ ဒေါက်တာကျော်သူ ဖုံးနံပါတ် - ၀၉၂၀၄၃၇၀၉ အီးလ်မေးလ် - kyawthutiger@gmail.com

၄။ စောအဲလက်စ် ဖုံးနံပါတ် - ၀၉၂၅၄၂၀၇၈၄၂ အီးလ်မေးလ် - thuebee@gmail.com

၅။ ဦးသန့်ဇင် ဖုံးနံပါတ် - ၀၉၄၂၂၁၉၀၆၉၁ အီးလ်မေးလ် - kgkinpyar13.3@gmail.com